မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

# အင်းစိန်ထောင်တွင်း အထူးတရားရုံးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ တင်မင်းထွတ်နှင့် ဦးညီပု တို့အား ထောင်ဒဏ် ၂၇ နှစ်စီချမှတ် လိုက်သည့်အပေါ် သုံးသပ်တင်ပြခြင်း

## အမှုဖြစ်စဉ်အကျဉ်း

အမှုမှာ ပန်းတနော်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ တင်မင်းထွတ်နှင့် ငမြို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီပု တို့၂ ဦးအား အာဏာပိုင်များက ၂၀၀၈ ခုနှစ် ဩဂုတ် ၁၂ ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးမှ ရုံးတင်စစ်ဆေးခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂ ဦးသည် တရားရင်ဆိုင်ရာတွင် ရှေ့နေရှေ့ရပ်များဖြင့် ခုခံချေပခွင့် မရရှိဘဲ အင်းစိန်ထောင်တွင်းအထူးတရားရုံးမှ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ထောင်ဒဏ်၂၇ နှစ် စီချမှတ်ခဲ့သည့် အမှုဖြစ်သည်။

## ချမှတ်သည့်ဥပဒေပုဒ်မများ၏ မူရင်းအဓိပ္ပါယ်

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅ (ခ)**ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ – "ပုဒ်မ – ၅၀၅ – မည်သူမဆို ဖော်ပြချက်ကိုဖြစ်စေ၊ ကောလဟာလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေပြုရာတွင် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာရာ တွင် သို့တည်း မဟုတ် ဖြန့်ချိရာ တွင် –
(ခ) နိုင်ငံတော်အစိုးရကို ဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကိုဖြစ်စေ၊ ထိခိုက်သည့် ပြစ်မှုကို တစ်ဦး တစ်ယောက်သောသူက ကျူးလွန်ချင်လာအောင် အများပြည်သူကိုသော်လည်းကောင်း၊ အများပြည်သူ၏ သီးခြားလူတစ်စုကိုသော် လည်းကောင်း ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ တစ်ခုခုဖြစ်စေရန်အကြံရှိလျှင် (သို့တည်းမဟုတ်)ထိုသို့ ဖြစ်တန်ရာသည့် အကြောင်းရှိလျှင် –
ထိုသူကို နှစ်နှစ်ထိထောင်ဒဏ် တမျိုးမျိုးကိုဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဟုဖော်ပြထားသည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ်–၂၀၀၄**
**အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ –အခန်း(၁၂) ပြစ်မှုနှင့်ပြစ်ဒဏ်များ**

ပုဒ်မ–၃၃ ပြဋ္ဌာန်းချက်မူရင်းအဓိပ္ပာယ်

မည်သူမဆို အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာကို အသုံးပြု၍ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(က) နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေသည့်ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊

(ခ) နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုနှင့် စပ်လျဉ်းသည့် နိုင်ငံတော်၏ လျှို့ဝှက်ချက်နှင့် သက်ဆိုင်သော သတင်းအချက်အလက် တစ်ရပ်ရပ်ကို ရယူခြင်း သို့မဟုတ် ပေးပို့ဖြန့်ချိခြင်း။

**နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ**
**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၆**

**ပုဒ်မ – ၃** မည်သူမဆို သို့မဟုတ် မည်သည့်အဖွဲ့အစည်းမဆို အောက်ပါ တားမြစ်ချက်တစ်ရပ်ရပ် ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖောက်ဖျက် ကျူးလွန်ခြင်းမပြုရ–

(က) နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့ကို ထိခိုက်ပျက်ပြားစေရန် လှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း၊

(ခ) အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေရန် လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း၊

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေးကို ရှေးရှု၍ အမျိုးသားညီလာခံက ဆောက်ရွက်လျက်ရှိသော လုပ်ငန်းများကို ထိခိုက်ပျက်ပြားစေရန်ဖြစ်စေ၊ သေးသိမ်စေရန်ဖြစ်စေ၊ ပြည်သူများ အထင်အမြင်လွဲမှားစေရန်ဖြစ်စေ နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း၊

(ဃ) တရားဝင်ဆောက်ရွက်ပိုင်ခွင့် မရှိဘဲ အမျိုးသားညီလာခံ၏ လုပ်ငန်းများကို ဆောင်ရွက်ခြင်း သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲခြင်း သို့မဟုတ် ရေးဆွဲဖြန့်ဝေခြင်း၊

(င) အထက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း။

**ပုဒ်မ – ၄**။ မည်သူမဆို ပုဒ်မ ၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး (၅) နှစ်မှ အများဆုံး (၂၀) နှစ် အထိ ချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အထက်ဖော်ပြပါ ဥပဒေ ပုဒ်မများ၏ မူရင်းအဓိပ္ပါယ်များကို လေ့လာသုံးသပ်ပါက –

ပြည်သူလူထု၏ မိမိနိုင်ငံကောင်းရာ ကောင်းကျိုးကို ဆောင်ရွက်ရာတွင် လွန်စွာအရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်သော လွတ်လပ်စွာထင်မြင်ယူဆခွင့် လွတ်လပ်စွာဟောပြောစည်းရုံးခွင့်၊ လွတ်လပ်စွာရေးသားဖြန့်ဝေခွင့် စသည့်အခွင့်အရေးများကို တင်းကျပ်စွာပိတ်ပင်ထားလျှက်ရှိကြောင်းပေါ်လွင်စေသည့်အပြင် အစိုးရ၏ အာဏာလွန်ကဲမှုကို ကြီးမားစွာ အကာ အကွယ်ပေးထားကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ပြင်ရင်းဥပဒေများ ပုဒ်မများသည် တရားကိုယ်သဘောသဘာဝချင်း ထပ်တူကျတူညီနိုင်သည် ဟူ၍ပင် ကောက်ယူသုံးသပ်ပါက ရနိုင်ပေသည်။

__ဥပဒေကြောင်းအရမှားယွင်းလျက်ရှိကြောင်း သုံးသပ်တင်ပြချက်__

၁။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် နှစ်ဦးအား ၂၀၀၈ ခုနှစ် ဩဂုတ် ၁၂ ရက်နေ့တွင် စတင်ဖမ်းဆီးပြီး ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင်မှ ရုံးတင်စစ်ဆေးခဲ့ခြင်းဖြစ်သည်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် နှစ်ဦး အား ဖမ်းဆီးသည့်နေ့မှာ ၂၀၀၈ခုနှစ် ဩဂုတ် ၁၂ ရက်ဖြစ်ပြီး၊ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ တရားစွဲတင်သည့်အတွက် တရားခံများအား ဖမ်းဆီး ချုပ်နှောင်ထားသည်မှာ ဖလနီးပါးခန့်ကြာမြင့်ခဲ့ပါသည်။ **ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၆၁** ပြဋ္ဌာန်းချက်အရ ဖမ်းဆီးထားသူကို နှစ်ဆယ့်လေးနာရီထက်ကျော်လွန်၍ ချုပ်မထားရ ပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ **ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၇ (၁)အရ** ချုပ်နှောင်ထားခြင်းသည် စုစုပေါင်း ရက်သုံးဆယ်ထက်မပိုရ ဟူသော ပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ **ပြစ်မှုဆိုင်ရာကျင်ထုံးဥပဒေပုဒ်မ ၈၁** ပြဋ္ဌာန်းအရ ဖမ်းဆီးခဲ့သူကို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ သက်ဆိုင်ရာ တရားရုံးရှေ့သို့ခေါ်ဆောင်သွားရမည်ဟူသော ပြဋ္ဌာန်းချက်ကိုလည်းကောင်း ဆန့်ကျင်လျက် ဖမ်းဆီးပြီးနောက်ပိုင်း အထက်ဖော်ပြပါ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မများကို ဖမ်းဆီးချုပ်နှောင်သူများကိုယ်တိုင် မလိုက်နာခဲ့ကြောင်းတွေ့ရှိရသည့်အတွက် ယင်းအမှုကို လက်ခံစစ်ဆေးခဲ့သော တရားရုံးကိုယ်၌ သည်ပင်လျှင် တရားဥပဒေ စိုးမိုးရေးကို ငြင်းပယ်သည့် သဘောသို့ သက်ရောက်စေပါသည်။

၂။ စွပ်စွဲခံရသူ မည်သူမဆို တရားရင်ဆိုင်ရာတွင် ရှေ့နေရှေ့ရပ်များဖြင့် ခုခံချေပပိုင်ခွင့်ရှိသည်မှာ ဥပဒေအရ ပေးအပ်ထားသည့်အခွင့်အရေးဖြစ်သည်။ **၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ ၂ (စ) “ ခုခံ ချေပ ခွင့်ပေးခြင်း၊ ”** ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ **၃၄၀(၁)** အရ ရှေ့နေဖြင့် ခုခံချေပနိုင်ခွင့်ပေးခြင်း စသည့် ပြဋ္ဌါန်းချက်များသည် မြန်မာနိုင်ငံ တရားရုံးများက မလွှဲမသွေလိုက်နာကျင့်သုံးရမည့် ပြဋ္ဌာန်းချက်များဖြစ်သည်။သို့သော် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးမှ ရှေ့နေကိုယ်စာလှယ်လွှဲစာ လွှဲအပ်ထားသောရှေ့နေများအား ထောင် အာဏာ ပိုင် များက အကျဉ်းထောင်တွင်း တရားရုံးသို့ ဝင်ရောက် အမှုရင်ဆိုင်ပိုင်ခွင့်မပေးခြင်း၊ ခုခံချေပလျှောက်လဲခွင့်မပေးခဲ့ခြင်းသည် လက်ရှိမြန်မာနိုင်ငံတရားစီရင်ရေးစနစ်တွင် တရားမျှတမှုမရှိကြောင်း ထင်ဟပ်ပေါ်လွင်စေသည်။

၃။ အမျိုးသားညီလာခံ လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ရေးကို နှောင့်ယှက်ဆန့်ကျင့်ခြင်းမှ ကာကွယ် သည့် ဥပဒေ၊ ဥပဒေအမှတ် ၅/၉၆ အရ ပြစ်ဒဏ်များ ချမှတ်ထားသော်လည်း အမှန်တကယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် နှစ်ဦးအား စတင်ဖမ်းဆီးသည့်နေ့မှာ အမျိုးသားညီလာခံပြီးဆုံးသည့် နေ့ထက် များစွာနောက်ကျ နေသည်ကိုတွေ့ရပါသည်။ ထို့ပြင်မြန်မာနိုင်ငံရှေ့နေများကောင်စီဥပဒေရေးရာသုံးသပ်ရေးအဖွဲ့မှ ၂၀၀၈ခုနှစ် ၊ ဧပြီလ (၈)ရက်နေ့တွင် – အမျိုးသားညီလာခံ၊ လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်ရေးကိုနှောင့်ယှက် ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ အမှတ်(၅/၉၆)သည် နိုင်ငံတကာဥပဒေစံချိန်စံညွှန်းများနှင့်မကိုက်ညီ၍လည်း ကောင်း၊ ပြည်သူလူထု၏ လွတ်လပ်စွာထုတ်ဖေါ်နိုင်ခွင့်ကိုကန့်သတ်ချုပ်ခြယ်ရာရောက်သည့်အတွက်လည်းကောင်း ၊ အာဏာ ပိုင်များစိတ်ကြိုက်တိုင်းပြည်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသို့ ရေးဆွဲနိုင်ရန်အတွက် ကန့်သတ်ပြဋ္ဌာန်းထား ခြင်းဖြစ်၍ လည်းကောင်း၊ ဖျက်သိမ်းသင့်ပါကြောင်းဥပဒေရေးရာသုံးသပ်ချက်ထုတ်ပြန်ထားပြီးဖြစ်သည်။ ထို့နည်းတူ စွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည်လည်း ထိုဥပဒေကိုဖျက်သိမ်းသင့်ပါကြောင်းထုတ်ပြန်ကြေငြာ ထားပြီးဖြစ် သည်။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးသည် ပြည်သူ့လွှတ်တော်သို့တရားဝင်တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း အာဏာပိုင်များအနေဖြင့်နိုင်ငံတော်ပြန်တမ်းများတွင် တရားဝင် ထုတ်ပြန် ထားခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ဆိုပါ ၅/၉၆ ဥပဒေဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှစ်ဦး ကိုပြစ်ဒဏ်များ ချမှတ် ထားခြင်းမှာ အာဏာပိုင်များအနေဖြင့် –

- ပြည်သူလူထု၏ ဆန္ဒကို မျက်ကွယ်ပြုရာရောက်သည့်အပြင် စစ်မှန်သော ဒီမိုကရေစီ စနစ်ကို ငြင်းပယ်ရာရောက်ကြောင်း၊

–    တရားဥပဒေ စိုးမိုးရေးကို လျစ်လျူရှုရာရောက်ကြောင်း ဥပဒေ ရေးရာ သုံးသပ်ထုတ်ပြန်လိုက်ပါသည်။

မြန်မာနိုင်ငံ ရှေ့နေများ ကောင်စီ

နေ့စွဲ–မတ်လ(၉)ရက်၊ ၂၀၀၉–ခုနှစ်

အသေးစိပ်သိလိုပါလျှင် ဆက်သွယ်ရန်– ဦးမျိုး (၀၈၆ ၂၁၆ ၀၁၀၈)၊ တာဝန်ခံ၊ ဥပဒေ ရေးရာ သုံးသပ်ရေး အဖွဲ့။